# ပရဟိတသမား ကဗျာဆရာ မိုးဟိန်း (သား-ဂျာနယ်ကျော်) ကွယ်လွန်

သတင်းရင်းမြစ် > ကိုပိုင်း
ကြာသပတေးနေ့၊ စက်တင်ဘာလ ၂၃ ရက် ၂၀၁၀ ခုနှစ် ၁၃ နာရီ ၄၃ မိနစ်

ချင်းမိုင် (မဇ္ဈိမ) ။ □□□□□။ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေးတို့၏□သားငယ် ဆရာမိုးဟိန်း (သားဂျာနယ်ကျော်) (၆၇ နှစ်) လည်ချောင်း ကင်ဆာရောဂါဖြင့် ရွှေဂုံတိုင်အထူးကု ဆေးရုံတွင် ယနေ့နံနက် ၉ နာရီက ကွယ်လွန်သွားသည်။

လည်ချောင်းကင်ဆာ စဖြစ်ခဲ့ပုံကို "၂၀၀၈-ခုနှစ် နှောင်းပိုင်းမှာ မိတ်ဆွေကြီး (မရဏမင်း) ရဲ့လက်ရုံးတော် ဦးဗျာဓိ ပစ်လွှတ်လိုက်တဲ့ ကင်ဆာမြားဟာ ကျွန်တော့်လည်ပင်း လာမှန်တယ်လေ" ဟု သူ၏ "မရဏမင်းသို့ အိတ်ဖွင့် ပေးစာ" ဆောင်းပါး၌ ထည့်သွင်းရေးခဲ့သည်။

ဇီဝိန်ခြွေသည့် ပါးကွက်အာဏာသားအဖြစ် အများက မြင်ကြသည့်



မရဏမင်းသည် တဖက်တွင်လည်း သတိသံဝေဂ ရစေပြီး တရားပေါက်နိုင်မည့် အနုသာသတိ ဓမ္မစွမ်းအားကြီးလည်းဖြစ်သည်ဟု□ယုံကြည်ကြောင်း သူ့ဆောင်းပါးက ဖော်ပြနေသည်။

ဘာသာရေး၊ စာပေနှင့် လူမှုရေးလုပ်ငန်းများကို ဆန္ဒအတိုင်း ဆောင်ရွက်နိုင်ခဲ့သဖြင့် သေမင်းနှင့် ရင်ဆိုင်ရန် စိတ်ချလက်ချ ရှိပုံပေါ်သည်။

"မိဘ၏ စာပေအမွေကို ဆက်ခံဖို့ ကလောင်ကို စွဲကိုင်၊ ဆရာသမားတွေ၏ ပညာအမွေကို ဖြန့်ဖို့ မြေဖြူကို စွဲကိုင်၊ တယောက်တစ အကျိုးထက် အများအကျိုးကို သယ်ဖို့ ယုံကြည်ချက်ကို စွဲကိုင်ရင်း စာရေး၊ စာပြ၊ ပရဟိတ အလုပ်တွေနှင့် လုပ်ရှားခဲ့ပါသည်။ ဘဝကို အတ္တနှင့် မချုပ်လို၊ ပရဟိတနှင့်သာ ချုပ်လို။ စာပေ-စာပြနှင့်သာ မပြီးလို။ ပရဟိတနှင့်သာပြီးလို"သည်ဟု ခံယူခဲ့သည့်အတိုင်း ရန်ကုန် ပရိယတ္တိ သာသနာ့ တက္ကသိုလ်တွင် အင်္ဂလိပ်စာ၊ ဗုဒ္ဓအဘိဓမ္မာနှင့် ကျင့်ဝတ်တို့ကို ပို့ချပေးရုံမက ပရဟိတ သင်တန်းများတွင်လည်း အင်္ဂလိပ်စာ ပို့ချခဲ့သည်။

၂၀၀၇ ကစ၍ ပန်းချီဦးမျိုးခင် တည်ထောင်သည့် မေမြို့ စည်သာရွာ "ဒဟတ်စံပြ ပရဟိတပျိုးခင်း" တွင် မြှုပ်နှံပြီး ပညာသင်ကြားပေးခဲ့သည်။

ဆရာသည် နွားထိုးကြီးနှင့် မြင်းခြံကြား၊ လျှော်ဖြူနှင့် သာယာကုန်းရွာကြားရှိ ရွှေကူကြီးတောရ

ကျောင်းဝင်းအတွင်း အကျယ် ၃၆-ပေ၊ အမြင့် ၃၆ ပေခန့်ရှိ "မဟာပရိတ္တစေတီတော်ကြီး" ကိုလည်း ကမကထပြု တည်နေသည်။

"ပန္နက်ချပွဲပြီးလို့ အုတ်ခုံပုံ ဖော်နေပါပြီ။ ပြီးလျှင် မုခ်ဝလေးခု၊ လိုဏ်ဂူ၊ အဲဒီအပေါ် စေတီတည်သွားဖို့ပါပဲ။ ကျွန်တော် ဝမ်းသာကြည်နူးရဆုံး ကိစ္စပါ။ ဒီမြင်ကွင်းကို အာရုံပြုမိတိုင်း ကင်ဆာ ကလပ်စည်းတွေ ကျုံ့သွားသလို ခံစားရပါတယ်။ သေပျော်ပါပြီလို့တောင် ပြောမိပါတယ်" သူ၏ ဆောင်းပါး၌ ပုံဖော်ရေးသားခဲ့သည်။

ဘုရားတည်လိုသည်မှာ ၁၁ နှစ်ကျော်ပြီဖြစ်သည့် ဆရာမိုးဟိန်းနှင့် ရွှေကူကြီး တောရဆရာတော်တို့ မြင်းခြံပရဟိတ လူငယ်များမှ တဆင့် ဆုံကြရာမှ စေတီတော်ကြီး တည်ဖြစ်သွားသည်ဟု ကျောင်းထိုင်ဆရာတော် အရှင်ဝေပုလ္လထံမှ သိရသည်။

လုပ်ဖော်ကိုင်ဘက်□ကဗျာဆရာ ဇော်နောင်ကလည်း ဆရာမိုးဟိန်းသည် ဘာသာရေးသမား ဖြစ်သဖြင့် ပြဿနာများကို ဗုဒ္ဓဘာသာအမြင်ဖြင့် ချဉ်းကပ်တတ်ကြောင်း ၁၉၉၉ က Harmony of Head and Heart အမည်ဖြင့် ထုတ်ခဲ့သည့် ပင်ကိုရေး အင်္ဂလိပ်ကဗျာ စာအုပ်ကို ထောက်ပြသည်။

" သူ့ကဗျာစာအုပ်ကို ဖတ်ရင် သူ့ဖလော်ဆော်ဖီကို သိမှာပဲ။ ဘာသာရေးကို တောက်လျှောက်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ" ဟုပြောသည်။

ငယ်စဉ်က အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့ တွင် သူတို့ ညီအကို ပညာသင်ကြားခဲ့သည်။ အကိုမှာ ကွယ်လွန်သူ ရုပ်ရှင်မင်းသား မောင်သိန်းတန် (နမလက်လျှော့ နေလေတော့) ဖြစ်သည်။ ၂၀၀၇က ကွယ်လွန်သူအမ ဒေါက်တာ ခင်လေးမြင့်မှာ ထင်ရှားသော ပြင်သစ်ဘာသာ ပါရဂူဖြစ်ပြီး ဂျာနယ်ကျော် မမလေး၏ မုန်း၍မဟူနှင့် သွေး ဝတ္ထုများကို ပြင်သစ်လို ပြန်ဆိုခဲ့သလို မင်းသားလေး၊ နှစ်ဆယ်ရာစု ပြင်သစ်ခေတ်ပေါ် ဝတ္ထုတိုများစသည့် ဘာသာပြန် လက်ရာများကြောင့်လည်း လူသိများသည်။□

တော်လှန်ရေး ကောင်စီနှင့် တောတွင်းပါတီများ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြီးနောက် အခြားမြေပေါ် နိုင်ငံရေး စာနယ်ဇင်းသမားများ နည်းတူ ဦးမိုးဟိန်း၊ သူ့မိခင်နှင့် ပထွေးတို့လည်း နှစ်ရှည် ထိန်းသိမ်းခံရသည်။ ထို့နောက် နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (Through Life's Perils) (1983)၊ Sweet Odour of Padauk and Dokchampa (2002) ကဗျာများကို အင်္ဂလိပ်လို ပြန်ဆိုခဲ့သည်။

"ပထမတစ်ဆစ်ချိုး" ဆောင်းပါးနှင့် ကဗျာပေါင်းချုပ်ကို မြန်မာလို ထုတ်ဝေခဲ့သည်။ ဝေဒနာကြားမှ ပြုစုသော အမေရိကန် အိုင်အိုဝါ တက္ကသိုလ် နိုင်ငံတကာ စာပေခရီးအခြေခံ "ပြင်ပအိပ်မက် တခု"□ခရီးသွားမှတ်တမ်း ကျွန်ုပ်ဆန်းက ထွက်လာသည်။ ပဲခူး ၁၀-မိုင်ကုန်း ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ၏ လိုရင်းတိုရှင်း ဝိပဿနာကို အင်္ဂလိပ်လို "MIND AND CONCISE VIPASSANA" အမည်ဖြင့် ပြန်ဆိုခဲ့သည်မှာ မကြာသေး။ "သန်းခေါင်ယံသက်တန့်" Midnight Rainbow အမည်ရှိ ပင်ကိုယ်ရေး ဒုတိယ အင်္ဂလိပ် ကဗျာစာအုပ်မှာ စီစဉ်ဆဲဟု ဆရာဇော်နောင်က ပြောသည်။

ရန်ကုန် အင်ဒိုနီးရှားသံရုံး စီးပွားရေးဌာနတွင် အရာရှိအဖြစ် ၁၀ နှစ်ကျော်လုပ်ခဲ့သည့် ဆရာမိုးဟိန်းသည် ပြီးခဲ့သည့် ၁၀ နှစ်ခန့်က အလုပ်မှထွက်၍ 'စာပေလောက' သို့ အပြီးတိုင် ခြေချခဲ့သည်။ အမေရိကန်နိုင်ငံမှ ချီးမြှင့်သော ကဗျာဆု တဆုလည်း ရခဲ့သည်။

သူနှင့်အတူ ဓာတ်ကင်နေရသော ပထွေး ဦးအောင်ဇေယျ (၈၂ နှစ်) မှာလည်း လည်ချောင်းကင်ဆာနှင့်ပင် မနှစ်က ကွယ်လွန်ခဲ့သည်။